Save The Salween Network

# သံလွင်မြစ် ထိန်းသိမ်းကာကွယ်ရေး ကွန်ယက်

## သဘောထားထုတ်ပြန်ချက်

**ဖေဖော်ဝါရီလ ၂၂ ရက်နေ့၊ ၂၀၁၆ ခုနှစ်၊ ရန်ကုန်မြို့**

ယခင်စစ်အစိုးရလက်ထက်တွင် စတင်ခဲ့သည့်သံလွင်မြစ်ပေါ်တည်ဆောက်မည့် ရေကာတာစီမံကိန်းများသည် လက်ရှိဦးသိန်းစိန်အစိုးရလက်ထက်တွင်လည်း နိုင်ငံသားပြည်သူလူထုကိုအသိပေးထုတ်ပြန်ကြေငြာခြင်းနှင့် ညှိနှိုင်းတိုင်ပင်မှုမရှိဘဲ ဆက်လက်အကောင်အထည်ဖေါ်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် တရုတ်ကုမ္ပဏီများ လုပ်ကိုင်ခွင့်ရရှိထားသည့် ရေကာတာစီမံကိန်း (၂၉) ခု ရှိသည့်အနက် (၁၈) ခု ကို အကောင်အထည်ဖေါ်နိုင်ရန်အတွက် တရုတ်နိုင်ငံနှင့်သဘောတူညီချက်ကို ဖေဖော်ဝါရီလ ၂ ရက်နေ့၊ ၂၀၁၆ ခုနှစ်တွင် ချုပ်ဆိုခဲ့ခြင်းသည် လာမည့်အစိုးရသစ်နှင့် တိုင်းရင်းသားပြည်သူများအကြား သဘောထားကွဲလွဲမှုများဖြစ်စေသည်သာမက တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများနှင့် လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ငြိမ်းချမ်းရေးဖြစ်စဉ်ကိုလည်း ထိခိုက်စေမည်ဖြစ်သည်။

အောက်ပါအချက်များသည် သံလွင်မြစ်ပေါ်တွင် တည်ဆောက်မည့်ရေကာတာစီမံကိန်းများကို လုံးဝရပ်ဆိုင်းရန် အကြောင်းအရင်းများဖြစ်သည်။

၁။ လက်ရှိမြန်မာနိုင်ငံတွင် ရင်ဆိုင်နေရသောရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များသည် ရှိပြီးသား ဆည်၊ ရေကာတာစီမံကိန်းများနှင့် များစွာဆက်စပ်နေသည်ဟု ပညာရှင်များက ထောက်ပြထားပါသည်။

၂။ သံလွင်မြစ်ဝှမ်းသည် ငလျင်ပညာရှင်များ၏ ရှာဖွေတွေ့ရှိချက်အရ ကြီးမားသော ငလျင်ပြတ်ရွေ့ကြောပေါ်တွင် ဆက်နွယ်တည်ရှိသောကြောင့် ရေကာတာတည်ဆောက်ခြင်းသည် များစွာအန္တရယ်ဖြစ်စေနိုင်သည်။

၃။ သံလွင်မြစ်ပေါ် တည်ဆောက်မည့်ရေအားလျှပ်စစ်စီမံကိန်းများအနက် အရှေ့တောင်အာရှတွင် အကြီးမားဆုံးစီမံကိန်းဖြစ်သော ရှမ်းပြည်နယ်ရှိ မိုင်းတုံရေအားလျှပ်စစ်စီမံကိန်းသည် ရှမ်း၊ ကရင်နီ၊ ကရင်နှင့် မွန်ပြည်နယ်တို့တွင် နေထိုင်ကြသောဒေသခံတို့၏ အသက်အိုးအိမ်စည်းစိမ်များကို ခြိမ်းခြောက်လျက်ရှိသည်။

၄။ လက်ရှိတွင် သံလွင်ရေကာတာစီမံကိန်းများကြောင့် ဒေသခံများ၏လူ့အခွင့်အရေးချိုးဖေါက်ခံရမှုနှင့် ဌာနေတိုင်းရင်းသားတို့၏ အခွင့်အရေးချိုးဖောက်ခံရမှုအပြင် နိုင်ငံသားများအနေဖြင့် နိုင်ငံသားအခွင့်အရေးများလည်း ဆုံးရှုံးနေကြရသည်။

၅။ သံလွင်မြစ်စီမံကိန်းများကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြားပဋိပက္ခနှင့်တင်းမာနေမှုများပိုမိုဖြစ်စေသည့်အပြင် အစိုးရစစ်တပ်မှလုံခြုံရေးကိုအကြောင်းပြု၍ နယ်မြေများ တိုးချဲ့လာခြင်းကြောင့် လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ဒေသခံတိုင်းရင်းသားများ၏ အသက်အိုးအိမ်များကို ဆက်လက်ပြီး ခြိမ်းခြောက်နေလျက်ရှိသည်။

၆။ အစိုးရမှထုတ်ပေးသည့် ရေကာတာစီမံကိန်းတည်ဆောက်ရေးကို ခွင့်ပြုချက်ပေးသောပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် (Environmental Compliance Certificate (ECC) သည် ပွင့်လင်းမြင်သာမှုမရှိသည့်အပြင် EIA/SIA စည်းကမ်းချက်များ၊ လုပ်ထုံးများနှင့်အညီ ဒေသခံတို့၏ သဘောထားရယူခြင်းမရှိသောကြောင့် ယင်းသက်သေခံလက်မှတ်ကို မိမိတို့မှအယုံအကြည်မရှိပါ။

၇။ သို့ဖြစ်ပါ၍ လာမည့်အစိုးသစ်သည် တိုင်းရင်းသားအခွင့်အရေးအာမခံချက်၊ ဒီမိုကရေစီဖယ်ဒရယ်ပြည်ထောင်စုစနစ်ထူထောင်ခြင်းဟူသော ၎င်း၏ကတိကဝတ်များကိုအလေးထား၍ တိုင်းရင်းသားတို့၏ အသက်အိုးအိမ်စည်းစိမ်ကိုထိခိုက်စေနိုင်သည့် သံလွင်ရေကာတာစီမံကိန်းများကို ရပ်ဆိုင်းရန် သံလွင်မြစ်ထိန်းသိမ်းကာကွယ်ရေးကွန်ယက် (Save the Salween Network-SSN) မှသဘောထားထုတ်ပြန်လိုက်သည်။

ဆက်သွယ်မေးမြန်းရန်-

(၁) မိအားချိုင်း 09255784905 (မြန်မာ၊မွန်)
(၂) စောသာဘိုး 09782639714 (မြန်မာ၊ကရင်၊အင်္ဂလိပ်)
(၃) ဥတ္တရာအောင် 09252171819 (မြန်မာ၊ကရင်နီ)
(၄) နန်းခမ်းနောင့် 09428367849 (မြန်မာ၊ရှမ်း)
(၅) ကိုသိန်းဇော် 09794316944 (မြန်မာ)